ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၈.၁၈)ရာခိုင်နှုန်းရှိပြီး အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ၂-၉-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ (၂၁)ရာစုပင်လုံညီလာခံတက်ရန်။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဧင်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတာဝန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဧင်းအတိုင်း။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးတို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၃၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်း ခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) မြို့မကျောင်းအား (၂၀၀ x ၃၀ x ၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းအား (၂၀၀ x ၃၀ x ၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**


**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး သာလီစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့ပေါ်တွင် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၊ မြို့မကျောင်းမှာ မြို့ရဲ့ အလယ်တည့်တည့်တွင်ရှိသော အထင်ကရ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ အဆိုပါ ကျောင်းပင်မဆောင်မှာ နှစ်ပေါင်း(၅၀)နီးပါးရှိပြီဖြစ်ပြီး၊ အဆောက်အဦမှာ


(၂)ထပ်ဆောင်၊ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်နေတဲ့အပြင် ဥပဓိရုပ်လည်း မကောင်းတော့ပါ။ ကျောင်းသားဦးရေနှင့် ကျောင်းဆောင်မှာလည်း လောက်ငမှုမရှိတော့ပါ။ ယခုလက်ရှိ ကျောင်းသား ဦးရေမှာ (၁၀၀၀)နီးပါးခန့်ရှိနေပြီ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်တွင် အ.လ.က အဆင့်မှ အ.ထ.က(ခွဲ) အဆင့်သို့ တိုးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါကျောင်းမှာ မြို့၏အလယ်တည့်တည့် လူစည်ကားသည့် နေရာတွင် အန္တရာယ်ရှိပြီး ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်ဖြစ်နေခြင်းမှာ မြို့အင်္ဂါရပ်နှင့်လည်း မညီ၊ မြို့၏ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက ကျောင်းစတက် ကတည်းကလည်း အဲဒီအဆောက်အဦ၊ အခုထိလည်း အဲဒီ အဆောက်အဦ ဒီအတိုင်းပဲ ရှိနေပါသေး တယ်။ နှစ်ပေါင်း(၅၀)လောက် ကျွန်တော်တို့မြို့ပေါ်မှ ကျောင်းသူ၊ ကျောင်းသားများ ဒီအန္တရာယ်ရှိ ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်ကြီးပေါ်တွင် ကျောင်းတက်နေကြသည်မှာ ကျွန်တော့်အနေနဲ့ အင်မတန်စိတ်မကောင်းဖြစ်မိပါတယ်။ အဆိုပါ အခြေခံပညာအတက်တန်းကျောင်း(ခွဲ)မြို့မကျောင်း အား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ် ခင်ဗျား။

မေးခွန်းကတော့ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အတက်တန်းကျောင်းခွဲ(မြို့မ) ကျောင်းအား (၂၀၀ x ၃၀ x၂၅)ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အ.ထ.က(ခွဲ)မြို့မ၊ (၂၁၀ x ၂၄)ပေ၊ (၂)ထပ်ဆောင် ရှေ့ဘက်မြင်ကွင်းပုံ (န)



အ.ထ.က(ခွဲ)မြို့မ၊ (၂၁၀ x ၂၄)ပေ၊ (၂)ထပ်ဆောင် နောက်ဘက်မြင်ကွင်းပုံ (န-၁)



**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ စာသင်ကျောင်းဆောင်(၄)ဆောင် ရှိပါတယ်။ ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပင်မကျောင်းဆောင်မှာ အန္တရာယ်ဆောင်ဟု သတ်မှတ်ရန်အတွက် မြို့နယ်ပညာရေးမှူးက မြို့နယ်ဆောက်လုပ်ရေးဌာနသို့ စစ်ဆေးရန်လျှောက်ထားပြီး မြို့နယ်ဆောက်လုပ်ရေးဌာနမှ အင်ဂျင်နီယာက စစ်ဆေးအတည်ပြုသတ်မှတ်ဖို့လို့အတွက် လိုအပ်ပါတယ်။ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပင်မဆောင်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုရန် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ အမှုတွဲပေးပို့ လျှောက်ထားခဲ့ခြင်း မရှိသေးပါကြောင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် အမှုတွဲများကိုလည်း ပေးပို့လျှောက်ထားခြင်းမရှိသေးပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

အန္တရာယ်ရှိကျောင်းဆောင်များကို ဖျက်သိမ်းခွင့်တောင်းခံရာမှာ သတ်မှတ်ထားတဲ့ ပုံစံများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးက အမှုတွဲ ဖြည့်စွက်ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် ပြည်နယ်ပညာရေးမှူးရုံးတို့ရဲ့ ထောက်ခံချက်တွေနဲ့ ဖျက်သိမ်းမယ့် ကျောင်းဆောင်ဟောင်းရဲ့ မှတ်တမ်းဓာတ်ပုံများနဲ့အတူ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့လျှောက်ထားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Power Point အသုံးပြုခွင့်ပေးဖို့အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီ အ.ထ.က(ခွဲ)မြို့မ ကျောက်တော်မှာ ကျွန်တော်တို့ ဒါ (၁၈၀ ပေ x ၃၀ ပေ) (၁)ထပ်ဆောင်၊ ဒါအရှေ့ဘက်က မြင်ကွင်းဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ ဒါကတော့ ခုနတုန်းက (၁၈၀ ပေ x ၃၀ ပေ)ရဲ့ (၁)ထပ်ဆောင်၊ RC (၁)ထပ်ဆောင်ရဲ့ အနောက်ဘက်မြင်ကွင်းဖြစ်ပါတယ်။ ခုနတုန်းက နောက်ထပ်ဒါသည် (၁၅၀ x ၃၀ )ပေ၊ နောက်ထပ် ဒါ (၁)ထပ် စာသင်ကျောင်းဆောင်ဖြစ်ပါတယ်။ အရှေ့ဘက်က မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ခုန(၁)ထပ် ကျောင်းဆောင်ရဲ့ အရှေ့ဘက်ကမြင်ကွင်းရဲ့ အနောက်ဘက်က မြင်ကွင်းဖြစ်ပါတယ်။ ခုနတုန်းက ဒီဟာကတော့ ဘေးဘက်ကမြင်ကွင်းဖြစ်ပါတယ်။ နောက်ထပ်ကတော့ ကျွန်တော်တို့ (၁၅၀ x ၃၀ )ပေ၊ (၁)ထပ်ဆောင်ရဲ့ အရှေ့ဘက်မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ ကျွန်တော်တို့ ဒါ (၂၁၀ x ၂၄ ) ပေ(၂)ထပ်ဆောင် ကျွန်တော်တို့ဒါအရှေ့ဘက်က မြင်ကွင်းဖြစ်ပါတယ်။

ပြီးရင်တော့ ကျွန်တော်တို့ ဒါကတော့ အနောက်ဘက်က မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒါ ဓာတ်ပုံအရ ကြည့်မယ်ဆိုလို့ရှိရင်တော့ ဒါ ကျောင်းဆောင်သည် ဥပဓိရုပ် တော်တော်မကောင်းဘဲ ရှိပြီးတော့မှ ဒါကိုတော့ ကျွန်တော်တို့ ခုနတုန်းက အန္တရာယ်ရှိကျောင်းဆောင်အဖြစ်သတ်မှတ်ဖို့လို့ကတော့ ကျွန်တော်တို့ ဒါ ပညာရေးဝန်ကြီးဌာနထံသို့ ကျွန်တော်တို့ ဒါ အဆင့်ဆင့်တင်ပြပြီးတော့ ဆက်လက်လျှောက်ထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီကျောင်းဟာ ပင်မဆောင် (၂၁၀ x ၄၀ )ပေ ကျွန်တော်တို့ သွပ်မိုး၊ ဒီ ခုနတုန်းက ဥပဓိရုပ်မကောင်းတဲ့ကျောင်းဟာ အုတ်ညှပ် (၂)ထပ်ဆောင်ပါ။ အခန်းပေါင်း(၁၄)ခန်းရှိသော်လည်းပဲ ကျွန်တော်တို့မြေညီထပ်က (၈) ခန်းပါ။ ကျွန်တော်တို့ အသုံးပြုပြီးတော့မှ ကျန်တဲ့အခန်းတွေကိုတော့ ဆရာ၊ ဆရာမတွေရဲ့ နားနေခန်း၊ စတိုခန်းတွေအဖြစ်နဲ့ အသုံးပြုနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီ အ.ထ.ကခွဲ(မြို့မ)မှာ ကျွန်တော်တို့ စာသင်ခန်း စုစုပေါင်း (၁)ထပ်၊ RC (၁)ထပ်ကျောင်းဆောင်တွေနဲ့ ခုနတုန်းက အောက်ထပ်တွေမှာ အသုံးပြုနေတဲ့အတွက်ကြောင့်မို့လို့ (၂၁)ခန်းကိုတော့ လောလောဆယ် အသုံးပြုလျက်ရှိကြောင်း ကျွန်တော်တို့ ဒါ စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ မူလတန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၂၂၆)ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၄၅၃)ဦးနဲ့ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၇၉) ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ(၈၅၈)ဦး ပညာသင်ကြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေအရ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းနှင့် ကျောင်းသား

အချိုးမှာ မူလတန်းအဆင့်မှာ (၁း၄၅)၊ အလယ်တန်းအဆင့်မှာ (၁း၃၈)၊ အထက်တန်း အဆင့်မှာ (၁း၄၅) ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လောလောဆယ် အခြေအနေအရ စာသင်ခန်းနှင့် ကျောင်းသားအရေအတွက်က လုံလောက်မှုရှိနေပါတယ်။

သို့သော် ကျွန်တော်တို့ ဒါ ဥပမိရုပ် မကောင်းတဲ့ စာသင်ဆောင်ဖြစ်နေတဲ့ အတွက်ကြောင့် မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် အဆောက်အဦများကို စိစစ်ချိန်မှာ မြို့နယ်၊ ကျောင်းအလိုက် ဦးစားပေးအစီအစဉ်အရ အလေးအနက်ထားပြီးတော့ ဆက်လက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင် ပြည်သူ့ဆေးရုံဝင်းဟောင်း ဧရိယာ (၀.၈၁၉)ဧကအား မြို့တော်ခန်းမ ဆောက်လုပ်ရန် သုံးစွဲခွင့်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ရှိ ကျန်းမာရေး ဝန်ကြီးဌာနပိုင် ပြည်သူ့ဆေးရုံဝင်းဟောင်း ဧရိယာ (၀.၈၁၉)ဧကအား မြို့တော်ခန်းမ ဆောက်လုပ်ရန် သုံးစွဲခွင့်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမင်္ဂလာပါ။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ရှိ ကျန်းမာရေး ဝန်ကြီးဌာနပိုင် ပြည်သူ့ဆေးရုံဟောင်းနှင့် မြေဧရိယာ(၂.၀၇၈)ဧကအနက် ဆေးရုံဟောင်း မြေဧရိယာ (၀.၈၁၉)ဧကအား စလင်းမြို့၊ မြို့တော်ခန်းမအဖြစ် ပြုပြင်ဆောက်လုပ်သုံးစွဲခွင့် ပေးနိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန်နှင့် အချိန် မလုံလောက်ပါက (၂)မိနစ်တိုးပေးပါရန် တောင်းခံအပ်ပါတယ်။ ဒါဟာဆိုရင် ကျွန်တော်တို့ ဆေးရုံ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ဆေးရုံရဲ့ ဘေးဘက်တွေက မြင်ကွင်းပုံတွေ ဖြစ်ပါတယ်။ ဒါက ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်း ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါတွေဟာလည်းပျက်စီး

နေတဲ့ ပုံတွေပဲဖြစ်ပါတယ်။  ဒါလည်း ပျက်စီးနေတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါလည်း ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်း ဒီအတိုင်းပါပဲ။ ပျက်စီးနေတဲ့ပုံတွေပါ။ ထို့အတူပါပဲ၊ ပျက်စီးနေတဲ့ပုံပါပဲ။ ဒါကတော့ ရှေ့မျက်နှာစာက ပုံဖြစ်ပါတယ်။ ဒါက နောက်မျက်နှာစာဖြစ်ပါတယ်။  ဒါက အရှေ့ဘက်က မျက်နှာစာပါ။ အခြေခံ အကြောင်းတရားတွေကို ပြောရမယ်ဆိုလို့ရှိရင် စလင်းမြို့ ပြည်သူ့ဆေးရုံကြီးက ၁၉၀၂ ခုနှစ်က တည်ဆောက်ခဲ့တယ်။ ဆေးရုံရဲ့ အဆောက်အအုံဟာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီမို့ ဟောင်းနွမ်းဆွေးမြေ့နေပါတယ်။ မြေဧရိယာကလည်း ကျဉ်းမြောင်းတဲ့အတွက်ကြောင့် စလင်းမြို့နယ်သူ၊ မြို့နယ်သားတွေအနေနဲ့ အလျား(၁၂၀)ပေ၊ အနံ ပေ(၄၀)ရှိတဲ့ အုတ်ကာသွပ်မိုး (၁)ထပ်ဆောင် (၃)ဆောင်ကို ၁၉၈၂ ခုနှစ်မှာ (၁၂.၁၇)ဧကရှိမြေပြင်မှာ ဆောက်လုပ်လှူဒါန်းခဲ့ရာ ၁၉၈၄ ခုနှစ်မှာ ဆေးရုံအဟောင်းကနေ ဆေးရုံအသစ်သို့ ပြောင်းရွှေ့ခဲ့ပါတယ်။

စလင်းမြို့ဆေးရုံဟောင်းကြီးဟာ ဟောင်းနွမ်းဆွေးမြေ့ပြီး နှစ်အားဖြင့်လည်း (၁၁၄)နှစ်ကြာပြီ ဖြစ်ပါတယ်။ အဆောက်အအုံကို ယခုတိုင် ပစ်ထားမည်ဆိုပါက ကျန်းမာရေးဝန်ကြီးဌာနအတွက်လည်း အကျိုးမရှိသလို မြို့အတွက်လည်း အကျိုးမရှိကြောင်း ကျွန်တော့်ရဲ့ မဲဆန္ဒနယ်က ကျွန်တော်တို့ မြို့မှာ ဗဟိုအဆင့်၊ တိုင်းအဆင့် ပွဲတော်များလာရောက်ပြီး လူထုတွေ့ဆုံပွဲများပြုလုပ်ပါက အရည်အသွေးပြည့်မီတဲ့ အစည်းအဝေးခန်းမ မရှိသဖြင့် စလင်းမြို့သူ၊ မြို့သားတွေဟာ မြို့တော်ခန်းမ ပေါ်ပေါက်ရေးကို အထူးလိုလားနေပါတယ်။ အကယ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီဆေးရုံဟောင်းကြီးနဲ့ မြေနေရာ (၀.၈၁၉)အား စလင်းမြို့ မြို့တော်ခန်းမအတွက် တရားဝင်သုံးစွဲခွင့်ပြုမယ်ဆိုရင် အဆောက်အအုံကို ပြုပြင်ပြီး မြို့တော်ခန်းမ ရရှိလာမည်ဖြစ်သလို စလင်းမြို့မှာ ဖွဲ့စည်းထားတဲ့ ကြက်ခြေနီ၊ ကျွန်တော်တို့ လူနာတွေအတွက် ကျွန်တော်တို့ သွေးရှာပေးတဲ့ သွေးလက်ဆောင် အသင်းနှင့် နောင်မှာဖြစ်ပေါ်လာမယ့် ကင်းထောက်လူငယ် အသင်းတို့အတွက် နေရာထိုင်ခင်းရရှိမယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင် ဆေးရုံအဆောက်အဦနှင့် မြေဧရိယာ (၀.၈၁၉)ဧကကို မြို့တော်ခန်းမအဖြစ် ပြုပြင်ဆောက်လုပ်သုံးစွဲခွင့်ပေးနိုင်ခြင်း ရှိ/မရှိ စလင်းမြို့နယ်သူ၊ မြို့နယ်သားတွေရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

စလင်းဆေးရုံဟောင်း ပျက်စီးနေသော မြင်ကွင်းပုံ (ပ)



စလင်းဆေးရုံဟောင်း ပျက်စီးနေသော မြင်ကွင်းပုံ (ပ-၁)



စလင်းမြို့ ပြည်သူ့ဆေးရုံဟောင်း ရှေ့မျက်နှာစာ မြင်ကွင်းပုံ (ပ-၂)



**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ အဖြစ် အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပဏာမဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အနည်းငယ်တိုးပေးပါရန် တောင်းခံအပ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက ကြယ်ပွင့်ပြမေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံအား ခုတင် (၁၀၀) ဆေးရုံကနေပြီးတော့မှ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိလိုပါကြောင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးဟာ ခုတင် (၅၀) ကနေပြီးမှ ခုတင် (၁၀၀) ဆံ့ ဆေးရုံအဖြစ်သို့ ၂၄-၂-၂၀၀၅ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့မှ အခုလက်ရှိအချိန်မှာ ခုတင် (၁၀၀) ဆံ့ ဆေးရုံဖြစ်ပေမယ့်လည်း အတွင်းလူနာ စုစုပေါင်းမှာ နေ့စဉ် (၁၀၀) ကျော် လက်ခံကုသနေရကြောင်းနဲ့ လွန်ခဲ့သော (၅)နှစ်တာကာလကို ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုလို့ရှိရင် ပြင်ပလူနာဟာ၊ အတွင်းလူနာများဟာ

နှစ်စဉ်တိုးတက်များပြားလာကြောင်းကို လက်ရှိ မိုးညှင်းမြို့နယ် ဆေးရုံအုပ်ရဲ့ ပြည်နယ်ကုသရေး ဌာနမှူးသို့ တင်ပြတဲ့စာအရ တွေ့ရှိရပါတယ်။ မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ကျွန်တော်တို့ မိုးညှင်းမြို့နယ်အပြင် ဖားကန့်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ အင်းတော်မြို့နယ်၊ ကသာမြို့နယ်တို့မှ လာရောက်ကုသလျက်ရှိပြီး အရေးပေါ်လူနာများကိုဆိုလို့ရှိရင်လည်း ကျွန်တော်တို့ မန္တလေး၊ မြစ်ကြီးနားတို့ကို နာရေးကူညီမှုကားများဖြင့် ငှားရမ်းပို့ဆောင်နေရပါတယ်။ အဲဒီလို နာရေးကူညီမှု ကားများနဲ့ ပို့ဆောင်ရာမှာလည်း အဲဒီကားများဟာ အခမဲ့ ပို့ဆောင်နိုင်ခြင်းမရှိဘဲနဲ့ မြစ်ကြီးနားကို ပို့မယ်ဆိုလို့ရှိရင် မြစ်ကြီးနားက မိုင် (၁၀၀) ဝေးတဲ့အတွက်ကြောင့်မို့လို့ သူတို့ဟာ (၁) မိုင်လျှင် (၁၀၀၀)ကျပ်နှုန်းနဲ့ မိုင် (၁၀၀)အတွက် (၁)သိန်းကျပ်ပေးရပါတယ်။ နောက်ပြီးတော့ မန္တလေးမြို့ဟာ မန္တလေးမြို့နဲ့ မိုးညှင်းမြို့ဟာ မိုင် (၂၀၀) ဝေးတဲ့အတွက်ကြောင့်မို့လို့ အဲဒီမိုင် (၂၀၀)အတွက် (၂)သိန်း ကျော်ကို ကျွန်တော်တို့က လူနာရှင်များဟာ ဆေးမကုသရမီ ခရီးစရိတ်ကို ကြိုတင်ကုန်ကျနေရတာကို တွေ့ရှိရပါတယ်။

လက်ရှိ မိုးညှင်းမြို့နယ်ဆေးရုံရဲ့ မြေဧရိယာ အကျယ်အဝန်းဟာ (၄.၆၂၆)ဧက ဖြစ်ပြီးတော့မှ ခုတင် (၂၀၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့မယ်ဆိုလို့ရှိရင် မြေလုံလောက်မှုမရှိပေမယ့်လည်း (၂၀)ဧကရှိတဲ့ မြေနေရာသစ်ကို လျာထားပြီးဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်၊ ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးခရီးစဉ်မှာ ပြင်ဆင်လျာထား မြေဧရိယာအခြေပြမြေပုံကြမ်းအရ သိရှိရပါတယ်။ မိုးညှင်းမြို့နယ် ဟာ ကချင်ပြည်နယ်မှာ လူဦးရေအထူထပ်ဆုံး မြို့တစ်မြို့ဖြစ်ပြီးတော့မှ မီးရထားလမ်း၊ ကားလမ်း၊ ဆက်သွယ်ရေးကောင်းမွန်ပြီးတော့မှ အချက်အချာကျသော မြို့လေးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မဲဆန္ဒရှင်ပြည်သူများရဲ့ တောင်းဆိုချက်အရ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်တဲ့ ခုတင် (၁၀၀) ဆံ့ ဆေးရုံကနေပြီးတော့မှ ခုတင် (၂၀၀) ဆံ့ ဆေးရုံအဖြစ်သို့ ပြည်ထောင်စုအစိုးရအနေဖြင့် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော့်အနေနဲ့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ စလင်းမြို့ရှိ မြို့ဟောင်းဆေးရုံမြေနေရာ (၀.၈၁၉)ဧကရှိ ဆေးရုံဟောင်း နှစ်ထပ်အဆောက်အဦတွင် မိခင်နှင့်ကလေး ကျန်းမာရေးဌာနဆေးခန်းသည် ၁၉၈၀ မှ စတင်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဤဌာနခွဲတွင် အမျိုးသား၊ အမျိုးသမီး

ကျန်းမာရေးဆရာမ Lady Health Visitor နဲ့ သားဖွားဆရာမ MidWife (၂)ဦးနဲ့ အခြားအခြေခံ ကျန်းမာရေးဝန်ထမ်းများသည် နေ့စဥ် ကိုယ်ဝန်ဆောင်မိခင်များ တစ်ပတ်လျှင် အသစ်နှင့် အဟောင်း လူနာ (၅၀)မှ (၆၀)ဦး၊ သက်ကြီးရွယ်အိုဆေးခန်း တစ်ပတ်လျှင် (၄၀)ဦး၊ အသက် (၅)နှစ်အောက် ကလေးဆေးခန်းများ တစ်ပတ်လျှင် (၂၀)ဦး၊ လူနာများ ဆေးခန်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်း များ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အရန်သားဖွားဆရာမ သင်တန်းများကို အရှိန်အဟုန်မြင့်လျက် စလင်းမြို့နယ်ရှိ မိခင်သေနှုန်း၊ ကလေးသေနှုန်းကျဆင်းရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆောက် အဦမှာ ဟောင်းနွမ်းလျက်ရှိသည့် အဆောက်အဦဖြစ်သည့်အတွက် မြို့နယ်လူထုမှာလည်း အသစ် အဆောက်အဦလိုလားရန် ဆန္ဒပြင်းပြလျက်ရှိပါသည်။ ဤအဆောက်အဦတွင် မိခင်နှင့်ကလေး ကျန်းမာရေးဌာနရှိ အမျိုးသမီးကျန်းမာရေးဆရာမနှင့် သားဖွားဆရာမနှင့် အခြားအခြေခံဝန်ထမ်းများ နေထိုင်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ မရှိမဖြစ်လိုအပ်သော အဆောက်အဦ မြေနေရာလည်း ဖြစ်ပါသည်။ အကယ်၍ မြေကိုယူပြီး မြို့တော်ခန်းမ ဆောက်လုပ်လိုပါက မကန့်ကွက် လိုပါသော်လည်း ကျွန်တော့်အနေနဲ့လည်း ထောက်ခံလိုပါသည်။ ဘာကြောင့်တုန်းဆိုတော့ ဒါမြို့ရဲ့ အင်္ဂါရပ်ဖြစ်တဲ့ ဒီအဆောက်အဦ ဖြစ်မယ့်အတွက်၊ သို့သော်လည်း မကွေးတိုင်းဒေသကြီးမှာ မြို့နှင့် မဝေး စလင်းမြို့နှင့်မဝေးသော လာရောက်မည့်လူနာ Catchment Population နဲ့ မဝေးပြီး သင့်တင့် လျောက်ပတ်သောနေရာတွင် မြေနေရာပေးမည်ဆိုပါက ကျွန်တော်တို့အနေနဲ့ အများကြီး အဆင်ပြေမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း မကွေးတိုင်းဒေသကြီး အစိုးရကတော့ မြေနေရာအသစ် ရှာပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီအချက်ကို ကျွန်တော် ဥက္ကဋ္ဌကြီး အမှူးထား၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံအား ခုတင် (၁၀၀) ဆံ့ ခရိုင်ဆေးရုံမှ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဥ် ရှိ/မရှိနဲ့ ပတ်သက်၍ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ခုတင် (၁၀၀) ဆံ့ ခရိုင် ဆေးရုံ(၁)ရုံ၊ (၂၅) ခုတင်ဆံ့ ဟိုပင်မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆) ခုတင်ဆံ့ ချောင်းဝတိုက်နယ်ဆေးရုံ (၁)ရုံ၊ (၁၆) ခုတင်ဆံ့ လုံးတုံ တိုက်နယ်ဆေးရုံ၊ (၁၆) ခုတင်ဆံ့ နမ္မားတိုက်နယ်ဆေးရုံ၊ (၁၆) ခုတင်ဆံ့ နောင်မွန်းတိုက်နယ်ဆေးရုံ၊ (၁၆) ခုတင်ဆံ့ လွယ်မန်တိုက်နယ်ဆေးရုံ၊ စုစုပေါင်း ဆေးရုံ(၇)ရုံနဲ့ ပြည်သူများအား ကုသမှုလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါသည်။

မိုးညှင်းခရိုင်သည် မြို့နယ်(၃)မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ(၆)သိန်းကျော် ရှိကြောင်း လည်း ကျွန်တော်တို့ သိရှိရပါသည်။ ဒီဆေးရုံ(၁)ရုံတွင် ကျွန်တော်တို့ ဒီဆေးရုံကြီး၏ ခုတင် အသုံးချမှု ရာခိုင်နှုန်းကို ကြည့်လိုက်တဲ့အခါမှာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ တဖြည်းဖြည်းတော့ တက်လာပါတယ်။ ၂၀၁၁ ခုနှစ်က (၈၁)ရာခိုင်နှုန်း၊ ၂၀၁၂ မှာ (၁၀၀)ရာခိုင်နှုန်း၊ ၂၀၁၃ မှာ (၁၀၁)ရာခိုင်နှုန်း၊ ၂၀၁၄ မှာ (၁၁၆) ရာခိုင်နှုန်း၊ ၂၀၁၅ မှာ (၁၂၆) ရာခိုင်နှုန်းရှိပါသည်။ သို့သော် ခုတင်တိုးမှုအတွက် ရာခိုင်နှုန်းကတော့ (၁၅၀)ခုတင်အသုံးပြုမှုရှိမှသာလျှင် ကျွန်တော်တို့ တိုးပေးပါ သည်။ သို့သော် ဒီဆေးရုံကြီးတွင် ကျွန်တော်တို့ တွေ့ရှိရတာကတော့ ခွင့်ပြုခုတင်ဟာ (၁၀၀) ရှိသော်

ပြားလည်း နေရာရှိတဲ့အတွက် ခုတင် (၁၃၀)ကျွန်တော်တို့ ထည့်ထားပါတယ်။ ဒီခုတင် (၁၃၀) ထည့်ပြီး အသုံးပြုနှုန်းကို ကြည့်မယ်ဆိုလို့ရှိရင်တော့ (၁၀၀) ရာခိုင်နှုန်းအောက်ပဲရှိတာကို တွေ့ရပါတယ်။

သို့သော် ဒီဆေးရုံမှာရှိတဲ့ ခုတင်အသုံးပြုနှုန်းများခြင်း၊ နည်းခြင်းသည် ဒီဆေးရုံမှာရှိသော ဆရာဝန်၏ ကုသမှုကျွမ်းကျင်မှု၊ သူနာပြုဆရာမများ၏ လူနာအား ကိုင်တွယ်ကြည့်ရှုရာ၌ ကုသမှု ကျွမ်းကျင်မှု၊ ဆေးရုံ၌ ပစ္စည်းကိရိယာ၊ Laboratory တို့၊ ဓာတ်ခွဲခန်းမှာရှိသော Reagent များရှိမှု၊ မရှိမှုနဲ့ အခြားအကြောင်း အချက်များစွာပေါ်မှာ မူတည်ပါတယ်။ ဒီဆေးရုံကြီးသည် ခုတင် (၁၀၀) ဆံ့ ဆေးရုံဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းက (၂၀၄)ယောက်ခန့်ရပါတယ်။ ဒီ (၂၀၄) ယောက် မှာ ကျွန်တော်တို့က (၁၃၀)ရှိ ပါတယ်။ ဒီ (၁၃၀)မှာလည်း အဓိကလိုအပ်တဲ့ ဆရာဝန်များ ရှိပါ တယ်။ ဒီ ခုတင် (၁၀၀) ဆံ့ ဆေးရုံဖြစ်တဲ့အတွက် အထူးကုဘာသာရပ် (၉)ခု ရှိပါတယ်။ ဆေးပညာ၊ ခွဲစိတ်ပညာ၊ သားဖွားမီးယပ်၊ ကလေးပညာအပြင် မေ့ဆေး၊ အရိုး၊ ဓာတ်မှန်၊ သွား၊ ရောဂါဗေဒ ဆရာဝန်များလည်း ရှိပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က Consultant အထူးကု level မှာ မရှိသော်လည်း အထူးကုလက်ထောက်ဆရာဝန်များအားလုံးလည်း ခန့်ထားပါတယ်။

ထို့အပြင် ရိုးရိုး လက်ထောက်ဆရာဝန် (၁၈)ဦး ရှိရာမှာ ကျွန်တော်တို့(၁၈)ဦး ခန့်ထားပါ တယ်။ အထက်တန်းသူနာပြု (၂၆)ဦးရှိတဲ့နေရာမှာ (၂၄)ဦးခန့်ထားပါတယ်။ သူနာပြု (၅၀)ရှိရာမှာ ကျွန်တော်တို့ (၄၈)ယောက် ခန့်ထားပါတယ်။ ဆိုလိုတာကတော့ ဒီဆေးရုံမှာ ဝန်ထမ်းအင်အားဖြင့် တော့ တော်တော်လေး ပြည့်စုံပါတယ်။ သို့သော်လည်း ဒီဆေးရုံမှာ လိုအပ်လျက်ရှိတဲ့ အထူးကုဆရာဝန် Junior Consultant ဖြစ်သော မေ့ဆေး၊ အရိုး၊ ဓာတ်မှန်နဲ့ ရောဂါဗေဒဆရာဝန်တို့ကိုလည်း ကျွန်တော် တို့က အမြန်ဆုံးခန့်ထားပါမယ်။ အကယ်၍ ကိုယ်စားလှယ်ကြီးတင်ပြသလို ခုတင် (၁၀၀) ကနေပြီး တော့ (၂၀၀)ကို တိုးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းအားလုံးပေါင်း (၂၀၄) ယောက်က နေ (၅၉၄)ယောက်အထိ တိုးဖို့လိုပါတယ်။ ဒီတိုးဖို့လိုမယ်ဆိုရင် ဒီဆေးရုံနဲ့တော့ နေရာမဆံ့ပါဘူး။ ဆေးရုံအသစ်လုပ်ရပါမယ်။ အခုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားသလို မြေဧက (၂၀) တော့ရှိပါတယ်။ သို့သော် လောလောဆယ်အခြေအနေမှာတော့ ဒီဆေးရုံကြီးက တိုးစရာမလိုဘူး။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့က ဒီဆေးရုံရဲ့ လူနာများတိုးလာမှုနှုန်းကို ပြည်နယ်ကုသဦးစီး ဌာနမှူးကို (၃)လ တစ်ကြိမ် အမြဲစိစစ်လေ့လာပြီးတော့ ကျွန်တော်တို့ဆီကို သတင်းပို့ဖို့လည်း ကျွန်တော်ပြောကြားထားပါမယ်။ လိုအပ်လျှင် လိုအပ်သလို စဉ်းစားပါမယ်။ မြေနေရာလည်းရှိတဲ့ အတွက် ကျွန်တော်တို့က စဉ်းစားပါမယ်။ သို့သော်လည်း မြေနေရာရှိသော်ငြားလည်း ဆေးရုံ ဆောက်ဖို့ဆိုတာ ကျွန်တော်တို့ ဘတ်ဂျက်ခွင့်ပြုတင်ရပါမယ်။ ဒီရာခိုင်နှုန်းကလည်း (၁၀၀)လောက်ပဲ ရှိတဲ့ အခါကျတော့ လောလောဆယ်တင်ဖို့ကတော့ သိပ်ပြီးတော့ မလွယ်သေးဘူးလို့ထင်ပါတယ်။ တိုးဖို့ကတော့၊ အဲဒီ ဆေးရုံကို ကျွန်တော်တို့ အသေးစိတ်လေ့လာတဲ့အခါမှာ ဒီဆေးရုံရဲ့ လိုအပ်ချက် ပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းလိုအပ်တဲ့ ပစ္စည်းကိရိယာ ဓာတ်မှန်အစရှိတဲ့ အားလုံးနီးပါးကို ဖြည့်ဆည်း ပေးတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ သို့သော်လည်း ဒီဆေးရုံကို လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို ကျွန်တော်တို့က အဓိကဆေးရုံကြီးဖြစ်တဲ့အတွက် တစ်ချိန်လုံးစောင့်ကြပ်ပြီးရင် လိုအပ် လျှင် လိုအပ်သလို ကျွန်တော်တို့ ပံ့ပိုးပေးမယ်ဆိုတာ ကျွန်တော်ဒီနေရာကနေ တင်ပြလိုပါတယ်။

ထို့ပြင် ဒီဆေးရုံမှာ ခုတင်အသုံးပြုနှုန်းကျဖို့ဆိုလို့ရှိရင် အနီးအနားမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေရယ်၊ မြို့နယ်ဆေးရုံမှာ သူတို့ရဲ့စွမ်းဆောင်မှု အားနည်းလို့များ ဒီဆေးရုံ အကုန်လာသလားဆိုတာ ကျွန်တော်တို့ တိုက်နယ်ဆေးရုံတွေရဲ့ စွမ်းဆောင်မှု၊ မြို့နယ်ဆေးရုံ (၂၅) ခုတင် မြို့နယ်ဆေးရုံ စွမ်းဆောင်မှုကိုလည်း ကျွန်တော်တို့က သေသေချာချာ ပြန်လည်လေ့လာပါမယ်။ သို့မှသာလျှင် ဆေးရုံတက်တဲ့ လူနာဟာ ညီတူညီမျှ ပြန့်သွားပါမယ်။ သို့မဟုတ်ပါက အားလုံးသည် မိုးညှင်းဆေးရုံကို လာလို့ရှိရင် လူနာမနိုင်မနင်းဖြစ်ပြီးတော့ ကုသမှုအရည်အသွေးဟာလည်း ကျသွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က လောလောဆယ်ကတော့ ကျွန်တော်တို့ တိုးတော့မပေးသေးပါဘူး။ သို့သော် ကျွန်တော်တို့က အသေးစိတ် Monitor သုံးသပ်ဆန်းစစ်ပြီး ကြည့်ရှုမယ်ဆိုတာကို ပြောကြားလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှုအက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်သွင်းမှာကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၆ -၂၇၃
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

၁။ ပြည်သူ့လွှတ်တော်က အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၄-၈-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ သည် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ နှင့် ၃၁-၈-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာ၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေးက ဤဥပဒေနှင့် စပ်လျဉ်း၍ လတ်တလောအခြေအနေများအရ ရုပ်သိမ်းရန် မသင့်သေး ကြောင်းနှင့် တိုင်းပြည် တည်ငြိမ်အေးချမ်းသွားသည့်အချိန်မှသာ ဤဥပဒေကို ဤဥပဒေ၏ရည်ရွယ်ချက်၊ ဥပဒေအင်္ဂါရပ်များနှင့် အလားတူပြီး ခေတ်ကာလနှင့်ကိုက်ညီသော နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်သည့် ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းပြီး မှသာ ဤဥပဒေကို ရုပ်သိမ်းသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်းနှင့် အကြံပြုဆွေးနွေးခဲ့သည့် ဥပဒေကြမ်းကော်မတီဝင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၏ တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါ သည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေး တို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းထားသည့် တိုင်းရင်းသား မျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသား စာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာစွာဖြင့် ရှိကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် ရဲ့ အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုမှာ အပိုင်း(၃)ပိုင်းရှိပါတယ်။ ပထမပိုင်းက တိုင်းရင်းသားမျိုးနွယ်စုတွေ အတွက် စာမတတ်သူပပျောက်ရေး၊ အပိုင်း(၂)က တိုင်းရင်းသားမျိုးနွယ်စုတွေအတွက် အဆင့်မြင့် ပညာသင်ကြားနိုင်ရေး၊ အပိုင်း(၃)က တိုင်းရင်းသား စာပေထွန်းကားရေးတို့ ဖြစ်ပါတယ်။ အဲဒီအပိုင်း (၃)ပိုင်း ကို အကောင်အထည်ဖော်ရာမှာ အထူးစီမံကိန်းများ ချမှတ်လို့ စဉ်ဆက်မပြတ် အားပေးမြှင့် တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ကျွန်တော်က အပိုင်း(၁)နဲ့

အပိုင်း(၃)ကို ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ အချိန်အကန့်အသတ်ကို မသိရတဲ့အတွက် အချိန်အနည်းငယ်လိုအပ်နေရင်လည်း တိုးပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားပြည်နယ်တွေနဲ့ တည်ထောင်ထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၁၀၀)ကျော်ရှိတယ်လို့ သတ်မှတ်ကြပါတယ်။ များသောအားဖြင့် တိုင်းရင်းသားမျိုးနွယ်စုတွေဟာ နယ်စပ်ဒေသတွေမှာ နေထိုင်ကြတဲ့အတွက် အမျိုးမျိုးသောအကြောင်းကြောင့် ပညာသင်ယူခွင့်မရရှိကြပါဘူး။ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး အတွက် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ စာမတတ်သူပပျောက်ရေး "အ"သုံးလုံး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောင်မြင်ခဲ့ပေမယ့် ဆက်လက်အကောင်အထည် မဖော်နိုင်တဲ့အတွက် စာမတတ်သူ မပျောက်ပျက်ဘဲ ရှိနေရပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ (၅)နှစ်အထက် စာမတတ်သူဦးရေဟာ (၁၀.၅)ရာခိုင်နှုန်းရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ထုတ်ဝေတဲ့ ယူနီဆက်၏ သုတေသနစာတမ်းအရ မြန်မာနိုင်ငံရှိ ကလေးသူငယ်များအားလုံး၏ (၄၀)ရာခိုင်နှုန်းမှာ ကျောင်းမနေဖူးသူများဖြစ်ကာ (၇၅)ရာခိုင်နှုန်းနီးပါးမှာ မူလတန်းပညာကို ပြီးမြောက်အောင် မတက်ရောက်နိုင်ခဲ့သည်ဟု မှတ်တမ်းပြုထားပါတယ်။ အဲဒီအထဲက အများစုဟာ တိုင်းရင်းသားကလေးတွေ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်မှ ချမှတ်သော ပညာရေးဆိုင်ရာမူဝါဒနှင့်အညီ ပညာသင်ကြားနိုင်ခွင့်ရှိသည်။ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာကို သင်ကြရမည်လို့ ဆိုထားပါတယ်။ မကြာခင်က အတည်ပြုထားတဲ့ အမျိုးသားပညာရေးဥပဒေအရလည်း မူလတန်းပညာကို အခမဲ့သင်ကြားနိုင်ပြီ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကြီးငယ်မရွေးလူတိုင်း စာတတ်မြောက်ရေး၊ တိုင်းရင်းသားကလေးများအားလုံး စာတတ်မြောက်ရေး၊ စာမတတ်သူ ပပျောက်ရေးတို့အတွက် အားစိုက်ခွန်စိုက်ဆောင်ရွက်ဖို့ အချိန်ကျရောက်နေပြီလို့ ထင်မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း(၃)ကို ဆက်လက်ဆွေးနွေးပါမယ်။ အပိုင်း(၃)က တိုင်းရင်းသားဘာသာ စာပေထွန်းကားရေး ဖြစ်တဲ့အတွက် တိုင်းရင်းသားစာပေရဲ့ မူလအနေအထားကို အနည်းငယ်ပြောပါမယ်။ တိုင်းရင်းသားများ အများအပြားမှီတင်းနေထိုင်တဲ့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမိခင်ဘာသာစကားဖြင့် စာပေသင်ကြားနိုင်ရေးသည် နိုင်ငံရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း အလေးထားဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ လူမျိုးတိုင်း၊ တိုင်းရင်းသားတိုင်း၊ တိုင်းရင်းသားမျိုးနွယ်စုတိုင်းမှာ ဘာသာစကားဆိုတာ ရှိပါတယ်။ စာပေဆိုတာ ဘာသာစကားမှ တစ်ဆင့် ရေးသားမှတ်သားလာကြတာ ဖြစ်ပါတယ်။ အက္ခရာစာလုံး တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကိုယ့်ဘာသာစကားဖြင့် ကိုယ့်စာပေကို ဖန်တီးကြတယ်။ ဖန်တီးခွင့်လည်း ရှိပါတယ်။ ဘာသာဗေဒပညာရှင်တစ်ဦးရဲ့ အယူအဆတစ်ရပ်ကို တင်ပြပါမယ်။ ဘာသာဗေဒပညာရှင် F-Taylor က မြန်မာစကားနှင့် ရခိုင်စကားဟာ အုပ်စုတစ်ခုတည်းမှ ဖြစ်ကြောင်း၊ တိဗက်၊ တရုတ်ဘာသာ စကားမျိုးရိုး၌ ပါဝင်ကြောင်း၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀၀)ကျော်၊ (၂၀၀၀)ခန့်က မြန်မာနဲ့ ရခိုင်တို့ လမ်းခွဲကြလိမ့်မည်ဟု ယူဆကြောင်းဆိုထားပါတယ်။ ပုဂံခေတ်မြန်မာကျောက်စာနဲ့ လေးမြို့ခေတ် ရခိုင်ကျောက်စာတို့က မြန်မာစကားနဲ့ ရခိုင်စကားတို့ဟာ မျိုးရိုးတူမှုမှန်ကန်ကြောင်း သက်သေပြထားပါတယ်။

မြန်မာနဲ့ ရခိုင်တို့ဟာ ဘာသာစကားမျိုးရိုးတူသော်လည်း အသံထွက်မှာ ကွဲပြားကြပါတယ်။ ဝေါဟာရအသုံးအနှုန်း မတူတာတွေ ထောင်သောင်းချီရှိပါတယ်။ ဥပမာပြောရရင် မျှစ်ကို ဝါးတုတ်၊ ဆေးတံကို ပန်းတူ၊ သင်္ဘောသီးကို ပတကာသီး၊ မိန်းကလေးကို ကလေမချေ၊ ယောကျ်ား လေးကို ကလေချေ၊ ဆူဆူညံညံဖြစ်နေတာကို ရရောင်းသက်ဖက်နီရေ စသည်ဖြင့် ကွဲကွဲပြားပြား ခေါ်ဝေါ်မှု ရှိပါတယ်။ အဲဒီလို အသံထွက် အသုံးအနှုန်း ကွဲပြားတာကြောင့် ရခိုင်ပြည်နယ်ရှိ ကျောင်းများတွင် မြန်မာစာသင်ကြားသောအခါ ရခိုင်ဆရာတို့က ရခိုင်အသံဖြင့်ဖတ်ပြီး ရခိုင်စကားဖြင့် ရှင်းပြသဖြင့် ရခိုင်ကျောင်းသားလူငယ်တို့ နားလည်မှု ပိုမိုလွယ်ကူစေပါတယ်။ တိုင်းရင်းသားတွေအဖို့လည်း မိမိတို့ ဘာသာစကားဖြင့် သင်ကြားနိုင်ရန် အထူးလိုအပ်ပါတယ်။ တိုင်းရင်းသားစာပေထွန်းကားရေးအတွက် တိုင်းရင်းသားကလေးတိုင်း မိခင်ဘာသာကိုသင်ကြားဖို့ အထူးလိုအပ်ပါတယ်။ ရန်ကုန်မြို့ တွင် ၂၀၁၀ ခုနှစ်၊ ဇွန်လ ၂၁ ရက်နှင့် ၂၂ ရက်နေ့များမှာ ငြိမ်းဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပတဲ့ မိခင်ဘာသာစကား အခြေပြုသင်ကြားရေးနှီးနှောပွဲတွင် တိုင်းရင်းသားကိုယ်စားပြု ဘာသာစကားကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးမှုအရ တိုင်းရင်းသားအားလုံးလိုလိုမှာ ၎င်းတို့၏ စာပေကို မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်ရန်အတွက် ပြဋ္ဌာန်းစာအုပ်များပင် ပြုစုထားပြီး ဖြစ်ကြောင်း သိရပါတယ်။

ပညာခေတ်မှာ ပညာနဲ့ အသက်မွေးကြရပါတယ်။ ပညာတတ်မှ အကောင်းအဆိုး ဝေဖန်နိုင်ပါတယ်။ ဓမ္မနဲ့ အဓမ္မကို ခွဲခြားသိနိုင်ပါမယ်။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအတွက် ပညာရေး ရည်မှန်းချက်များ အောင်မြင်စေရန် မိခင်ဘာသာစကားကို အခြေပြုဆောင်ရွက်မှသာ ပညာရေး ပေါက်မြောက်နိုင်မည် ဖြစ်ပါတယ်။ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ အာဖဂန်နစ္စတန်၊ သြစတြေးလျ၊ ဖိလစ်ပိုင်နိုင်ငံများတွင် မိခင်ဘာသာစကားကို အခြေပြုသော ပညာရေးမူဝါဒများ ရှိနေပြီဖြစ်ပါတယ်။ မိခင်ဘာသာစကားကို အားမပေးခြင်း၊ မသိကျိုးကျွံပြုခြင်းသည် အမျိုးသားစည်းလုံး ညီညွတ်ရေးကို အဟန့်အတားဖြစ်စေသည်သာမက အမြင်ကွဲပြားမှုကိုလည်း ဖြစ်စေမည်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေထွန်းကားရေးအတွက် အလေးထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဟာ Dynamic ဖြစ်ရပါမယ်။ အချိန်အခါနဲ့ တစ်ပြေးညီ ပြောင်းလဲတိုးတက်မှုရှိရပါမယ်။ ၂၀၁၅-၂၀၁၆ စာရင်းအရ မြန်မာနိုင်ငံတွင် မူလွန်နှင့် မူလတန်း ကျောင်းပေါင်း (၃၅၆၄၁)ကျောင်းရှိရာ ကျောင်းသူ/ကျောင်းသားပေါင်း (၅၁၆၄၄၁၁)ယောက်ရှိတယ် လို့ဆိုပါတယ်။ လူဦးရေ (၅၁)သန်းကျော်ရှိတဲ့ မြန်မာနိုင်ငံမှာ မူလတန်းကျောင်းသူ/ကျောင်းသားပေါင်း (၅၁၀၀၀၀၀)ကျော်ရှိနေတဲ့အတွက် နိုင်ငံလူဦးရေရဲ့ (၁၀)ရာခိုင်နှုန်းခန့် ဖြစ်နေပါတယ်။ အဲဒီအထဲမှာ တိုင်းရင်းသားမျိုးနွယ်စု ကလေးတွေ အများအပြား ပါဝင်ပါတယ်။ ဒီကလေးတွေအားလုံး စာတတ် မြောက်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ အထူးစီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုရှင်က ဒီကိစ္စသည် အမျိုးသားနိုင်ငံရေးဆိုင်ရာ အဆိုလည်းဖြစ်တယ်လို့ ပြောသွားတာတွေ့ရပါတယ်။ ဒါကြောင့် အမျိုးသားရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလူမျိုးများ စာမတတ်သူ ပပျောက်ရေးကို အထူးစီမံကိန်းချမှတ်၍ စဥ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်နေပါပြီ။ တိုင်းရင်းသား ကလေးငယ်များ မိခင်ဘာသာစကားဖြင့် စာပေသင်ကြားနိုင်ရေးအတွက်လည်း မူလတန်းမှစ၍ အဆင့် အလိုက် အထူးစီမံကိန်းများ ချမှတ်ကာ စဥ်ဆက်မပြတ် လုပ်ဆောင်ရန် အထူးလိုအပ်နေပါပြီ။

ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်အောင်မြင့် ၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့် ပညာ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းများ ချမှတ်၍ စဉ်ဆက် မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မှာ ဖွံ့ဖြိုးမှုအနောက်ကျဆုံး၊ အဝေးလံဆုံးလို့ဆိုနိုင်တဲ့ ဖာပွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းသန်းနိုင် ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပနေတဲ့ အခါသမယမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဦးခင်အောင်မြင့်ရဲ့ အဆိုဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေး နှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် အထူးဝမ်းသာ ဂုဏ်ယူကြောင်း ပဏာမ ပြောကြားလိုပါတယ်။

အဆိုရှင် တင်ပြခဲ့သလိုပါပဲ။ ဒီအဆိုဟာ သာမန်အားဖြင့် ပညာရေးကဏ္ဍအတွက်လို့ ထင်ရ ပေမယ့် အမျိုးသားနိုင်ငံရေးဆိုင်ရာ ပြည်တွင်းငြိမ်းချမ်းရေး ထာဝရခိုင်မြဲရေးနဲ့ ပတ်သက်တဲ့အဆို ဖြစ်နေပါတယ်။ အဆိုမှာ လုပ်ငန်းစဉ်(၃)ရပ် ပါဝင်ပြီးတော့ ဒီလုပ်ငန်းစဉ်တွေဟာ တစ်ရက်စောပြီး အကောင်အထည်ဖော်နိုင်ရင် နိုင်ငံတော်အတွက် တစ်ရက်စောပြီးအကျိုးရှိမယ်လို့ ယုံကြည်တဲ့အတွက် မိမိတို့ဒေသရဲ့ အခြေအနေနဲ့ ထင်ဟပ်ကိုးကားပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမလုပ်ငန်းစဉ်ကတော့ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေးဖြစ်ပါတယ်။ အလိမ္မာစာမှာရှိသည်ဆိုတဲ့ စကားအတိုင်း အလိမ္မာကို ရှာဖွေတွေ့ရှိနိုင်ဖို့ရာမှာ စာတတ်ဖို့လိုအပ်ပါတယ်။ လိမ္မာခြင်းဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်က သိပ်ပြီးကျယ်ပြန့်နက်နဲလှပါတယ်။ ပါးနပ်ခြင်း၊ အမြော်အမြင်ရှိခြင်း၊ အရှည် ကိုမျှော်တွေးနိုင်ခြင်း၊ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား သုံးသပ် ဆုံးဖြတ်နိုင်ခြင်းဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာ အရည်အချင်းများပါဝင်နေပါတယ်။ တစ်နည်း အားဖြင့် ဒါဟာပညာပါပဲ။ ကမ္ဘာပေါ်မှာ စာတတ်မြောက်မှုနှုန်း မြင့်မားတဲ့နိုင်ငံတွေမှာ တည်ငြိမ်အေး ချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိနေခြင်းဟာ အကောင်းဆုံးသာဓကပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံလို

ဒီနေ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ချီတက်နေတဲ့နိုင်ငံမျိုးမှာ ပညာဟာ ဘယ်လောက်အရေးကြီးကြောင်း မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ စကားနဲ့ ကိုးကားပြောရရင် တိုင်းပြည် အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ဆုံးဖြစ်လေသည်။ ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူ/ပြည်သားတို့၏ အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ပညာကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။

ထို့ကြောင့် မဲဆန္ဒရှင်တိုင်းသည် ပညာတတ်ကြရမည်။ ဆင်ခြင်တုံတရားကို သုံးနိုင်ကြရမည်။ ပညာသည် နိုင်ငံရေးအခြေခံကြီးအစစ် ဖြစ်သည်လို့ ဆိုထားပါတယ်။ ဒါကြောင့် ကျောင်းတွေ မရှိသေးတဲ့၊ ကျောင်းတွေ မဖွင့်လှစ်နိုင်သေးတဲ့၊ ပညာရေးအတွက် လိုအပ်ချက်တွေကြီးမားစွာ ရှိနေသေးတဲ့ ကျွန်တော်တို့လို ဝေးလံခေါင်သီတဲ့ ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ အတွက် စာမတတ်သူ ပပျောက်ရေးလုပ်ငန်းစဉ်တွေကို အထူးကိစ္စရပ်အနေနဲ့ ဆောင်ရွက်သင့်ပြီ ဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယလုပ်ငန်းစဉ်ကတော့ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးပဲဖြစ်ပါတယ်။ အဆင့်မြင့်ပညာတတ်မှသာ အဆင့်မြင့်မြင့် တွေးခေါ်မြော်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာလို့ဆိုရာမှာလည်း ပြည်တွင်းအဆင့်သာမက နိုင်ငံတကာအဆင့်အထိ မျှော်မှန်းရမှာ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာ သင်ယူနိုင်ဖို့ရာ အခြေခံပညာအဆင့်မှာ အောင်ချက်မြင့်မားဖို့နဲ့ ထူးချွန်စွာ အောင်မြင်ဖို့လိုအပ်ပါတယ်။ ဒီကနေ့ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေရဲ့ ပကတိအခြေအနေကို ကျွန်တော်တို့ ကြည့်ကြရအောင်။ သာဓကအနေနဲ့ ကျွန်တော့်မြို့နယ် အခြေအနေလေးကို တင်ပြပါမယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပညာသင်နှစ်မှာ ကျွန်တော်တို့မြို့နယ်ရဲ့ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းဟာ (၁၅.၄၉) ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ရဲ့အောင်ချက်က (၁၄.၄၈)၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အောင်ချက်(၃၀)ရာခိုင်နှုန်း ရှိနေတဲ့အချိန်မှာ ကျွန်တော်တို့ဒေသက တစ်ဝက်တောင် မရှိဖြစ်နေပါတယ်။ အမှတ်တွေကြည့်လိုက်ပြန်တော့လည်း အများစုက အောင်ရုံ၊ ဒီလို အခြေအနေမျိုးဟာ ကျွန်တော်တို့လိုဒေသမျိုးမှာ အများကြီးရှိနိုင်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လိုဒေသမျိုးမှာ ဘယ်လောက်မြင့်တဲ့ အဆင့်မြင့်ပညာကို ဦးရေဘယ်လောက် တက်ရောက်နိုင်မှာလဲဆိုတာ တွက်ဆသိရှိနိုင်တော့ ဒီအပေါ်မှာ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းအဖြေ ရှာကြဖို့ လိုအပ်နေတာအမှန်ပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေ အဆင့်မြင့်ပညာ သင်ယူနိုင်ရေးမှာ အဟန့်အတားတစ်ခုလိုဖြစ်နေတဲ့ တက္ကသိုလ်၊ ကောလိပ် ဝင်ခွင့်အမှတ် သတ်မှတ်တဲ့ကိစ္စဖြစ်ပါတယ်။ သာဓကအနေနဲ့ လွန်ခဲ့တဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ကျွန်တော်တို့မြို့နယ်က၊ ရွာလေးတစ်ရွာက ကျောင်းသူလေးတစ်ယောက်ဟာ ဆယ်တန်းကို (၅၀၃)မှတ်နဲ့ အောင်တယ်။ ကျွန်တော်တို့ဒေသမှာ တကယ့်ကို ရှားရှားပါးပါး၊ ထူးထူးခြားခြားပါပဲ။ ဆေးတက္ကသိုလ် တက်ချင်တယ်။ ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်က (၅၀၅)မှတ်လို့ သတ်မှတ်ထားတယ်။ (၂)မှတ်လိုနေတယ်။ အဲဒီတုန်းက ကျွန်တော်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မိဘတွေက အကူအညီတောင်းလို့ ကျွန်တော်က ဒေသအခြေအနေ ကြောင့် လျှော့ပေါ့ စဉ်းစားပေးနိုင်ဖို့ မေတ္တာရပ်ခံစာတစ်စောင်ပေးခဲ့ပါတယ်။ အဲဒီလိုပဲ အဲဒီတုန်းက ပြည်နယ်

ဝန်ကြီးချုပ်ကလည်း ထောက်ခံစာတစ်စောင်နဲ့အတူ ပူးတွဲပြီးတော့ တင်ပြခဲ့ပါတယ်။ ဝင်ခွင့်မရခဲ့ပါဘူး။ ဒီလိုပဲ လောလောလတ်လတ် ဒီနှစ် ရွာတစ်ရွာက ကလေးမလေးတစ်ယောက် ဆယ်တန်းကို (၃၄၇)မှတ်နဲ့အောင်တယ်။ မိဘကနွမ်းပါးတော့ ကျောင်းနေစရိတ်သက်သာတဲ့ စစ်ကိုင်းဖွံ့ဖြိုးရေး တက္ကသိုလ်ကိုတက်ချင်တယ်။ စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ် ဝင်ခွင့်အမှတ်က (၃၅၀) သတ်မှတ်ထားတော့ လျှောက်လွှာတောင်တင်ခွင့် မရလိုက်ပါကြောင်း ကြားသိခဲ့ရပါတယ်။ အခုတော့ တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ချက်အမှတ်တွေကို မထားတော့ဘူးလို့ သတင်းကြားရပါတယ်။ မင်္ဂလာသတင်းပါပဲ။ ကောင်းပါတယ်။

သို့သော် ဝေးလံခေါင်သီတဲ့ အရပ်ဒေသမှာနေတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအတွက်တော့ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် ဖြေလျှော့ခြင်းအပါအဝင် တခြားအခွင့်အရေးများ၊ လမ်းကြောင်းများ ပိုမိုဖွင့်လှစ်ပေးဖို့ လိုအပ်မှာဖြစ်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယလုပ်ငန်းစဉ်ကတော့ တိုင်းရင်းသားစာပေ ထွန်းကားရေးပဲ ဖြစ်ပါတယ်။ လူမျိုးတိုင်းဟာ မိမိတို့ရဲ့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံကို ချစ်မြတ်နိုး တန်ဖိုးထားကြပါတယ်။ အရှည်တည်တံ့လိုကြပါတယ်။ မိမိတို့ လူမျိုးအဆင့်မြင့်မား ကြီးပွားတိုးတက်တာကို မြင်တွေ့လိုကြပါတယ်။ စာပေပျောက်ရင် လူမျိုးပျောက်မှာစိုးလို့ စာပေသင်ကြား ခွင့်ရရေး ကြိုးပမ်းလာခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ တိုင်းရင်းသားစာပေနဲ့ပတ်သက်ပြီး အထူး စိုးရိမ်ဖွယ်ရာ အနေအထားတစ်ခုရောက်ရှိနေပါတယ်။ လူမျိုးစုငယ်တွေနေထိုင်တဲ့ တချို့ဒေသတွေမှာ တိုင်းရင်းသား တွေကိုယ်တိုင် မိမိရဲ့လူမျိုးစုရဲ့စာပေအပေါ် အထင်ကြီးလေးစားမှုတွေ ယုတ်လျော့သွားမှာကို စိုးရိမ်နေ ကြခြင်းပဲ ဖြစ်ပါတယ်။ ဒီစာတတ်တော့ရော ဘာလုပ်လို့ရမှာလဲ။ ဘယ်မှာသွားသုံးမှာလဲ။ မတတ်ရင် ရော ဘာဖြစ်မှာမို့လို့လဲဆိုတဲ့ စာပေရဲ့အရေးပါအရာရောက်မှုကို စိန်ခေါ်တဲ့ အတွေးအခေါ်မျိုးတွေ ဝင်သွားမှာကို စိုးရိမ်နေရတဲ့ အနေအထားဖြစ်နေပါတယ်။ ကမ္ဘာမှာလည်း တိုင်းရင်းသား လူမျိုးစု တွေရဲ့ ဘာသာစကား(၁၀၀)လောက် နှစ်စဉ်တိမ်မြုပ်ပျောက်ကွယ်နေတယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်သားရဖူးပါတယ်။ ဒါကြောင့် တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ စိုးရိမ်မှုနဲ့ခံစားချက်ကို စာနာနားလည်ပေးဖို့ အထူးလိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားစာပေတွေရဲ့ အသုံးဝင်မှုနဲ့ အရေးပါအရာရောက်မှုကို တိုးချဲ့မြှင့်တင်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ တိုင်းရင်းသားစာပေတွေနဲ့ ထုတ်ဝေတဲ့သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တွေကို ပိုမိုဖွံ့ဖြိုးအားကောင်းလာအောင် ပံ့ပိုးကူညီအားပေးသင့်ပါတယ်။ နောက်ဆုံး အဆင့်မှာ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေနဲ့ တချို့သော တိုင်းဒေသကြီးတွေမှာ တိုင်းရင်းသားစာပေကို ဒုတိယရုံးသုံးစာအဆင့်မျိုးအထိရောက်အောင် တဖြည်းဖြည်းချင်း အဆင့်မြှင့်တင် ဆောင်ရွက်သွားပေးဖို့ လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယနေ့အချိန်မှာ အခြေခံပညာအဆင့် ကျောင်းတွေမှာ တိုင်းရင်းသားစာပေ သင်ကြားခွင့်ရရှိရေး တောင်းဆိုချက်တွေဟာ တိုင်းရင်းသား တွေရဲ့စိုးရိမ်စိတ်နဲ့ခံစားချက်ကနေ အရင်းခံလာတယ်လို့ပြောနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ

အနေနဲ့ ဖြေလျှော့သင့်တာကို ဖြေလျှော့၊ လိုက်လျောသင့်တာကို လိုက်လျောပြီး အားပေးကူညီ ဖြည့်ဆည်းသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးရဲ့မြေပုံကို စိတ်ကူးမျက်စိထဲ မြင်ကြည့်ရအောင်ခင်ဗျား။ ခေါင်း၊ ခါး၊ ခြေ၊ လက်အင်္ဂါပြည့်စုံစွာနဲ့ အချိုးညီလှပလွန်းတဲ့ အသွင်သဏ္ဌာန်၊ သမပိုင်းရာသီဥတု၊ ကန္တာရ ရာသီဥတု၊ မုတ်သုံရာသီဥတု၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ ပြည့်စုံစွာနဲ့ သဘာဝတရားက ကောင်းချီးပေးထားတဲ့ နိုင်ငံတော်။ ဒီလို ပြည့်စုံလှပလွန်းတဲ့ နိုင်ငံတော်ကြီးမှာ ရောင်စုံပန်းကလေးများပမာ တိုင်းရင်းသားညီနောင်ဖွားများ ရှေးနှစ်ပေါင်းများစွာကတည်းက စုပေါင်း နေထိုင်လာခဲ့ကြတယ်။ ဒီအခြေအနေမှာ ကျွန်တော်တို့တစ်တွေဟာ လက်ရှိအခြေအနေမှာတော့ ကမ္ဘာမှာ အရာရာနောက်ကျနေကြတယ်။ မျက်နှာငယ်နေကြတယ်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေကြတယ်။ ဝမ်းနည်းပူဆွေးနေကြတယ်။ ဒါဟာ ငြိမ်းချမ်းရေးကင်းမဲ့ခြင်းရဲ့ အကျိုးဆက်တွေပဲဖြစ်ပါတယ်။ အဓိကလိုနေတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခင်အောင်မြင့်ရဲ့ အဆိုဟာ ထာဝရငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေတဲ့ အဆိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အားလုံးက တစ်ခဲနက် ထောက်ခံပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဆိုမှာပါဝင်တဲ့လုပ်ငန်းစဉ်တွေကို အစိုးရအနေနဲ့ အထူးစီမံကိန်းချမှတ်ပြီး စဉ်ဆက်မပြတ် အားပေးမြှင့်တင်ပေးနိုင်ပါစေ။ ယခုကျင်းပနေဆဲဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ၊ နောင် ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအားလုံး အဆင်ပြေချောမွေ့ အောင်မြင်ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]